## အခန်း (၃)
## “အချင်းချင်းအပြန်အလှန် အကျိုးပြုစည်းဝေးခြင်းများ”
## (Interactive Meeting)

တနင်္ဂနွေနေ့နံနက် (၁၀း၀၀)နာရီမှာ ဦးဆုံးတေးသီချင်းနှင့်အတူ ဝတ်ပြုအစည်းအဝေး တက်ရောက်သူများအချင်းချင်း လက်ပွန်းတတီးကြိုဆိုနှုတ်ဆက်ခြင်းဝတ်ကိုဦးစားပေးကာ၊ ပါလာသောအခါးအခါ သို့မဟုတ် ကလေးများကတော့ အိမ်အတွင်းမီးဖိုချောင်မှာ ရှိတဲ့ကော်ဖီခွက်ဆီမှာ ဒါမှမဟုတ် အနီးအနားမှာ ဝိုင်းအုံးပြောဆိုနေကြသည်။ အစည်းအဝေးကို လုပ်ရိုးလုပ်စဉ်အရ၊ လူတိုင်းလူတိုင်း ဝတ်ပြုခန်းမဆီသို့ ဦးတည်ကြရန် ပထမအဖွင့် တေးသံအားဖြင့် ချိဆက်ပေးလျှက်ရှိသည်။ များသောအားဖြင့် မိသားစုဆယ်ခန့်နှစ်ဦးစီ တက်ရောက်တယ်။ ကလေးဦးရေမှာတော့ ၅၀ ယောက်ဝန်းကျင်ရှိသည်။ တစ်ချို့တော့အမြဲပဲ နောက်ကျမှရောက်လာတတ် ကြသည်။ လူငယ်တွေကတော့ သူတို့မိဘတွေနဲ့ နီးတဲ့ကြမ်းပြင်ပေါ်မှာ ထိုင်တတ်ကြသလို အရွယ်ရောက်သူတိုင်းအတွက် သတ်မှတ်ထားတဲ့ထိုင်ခုံမှာနေရာယူကြရပါသည်။ ငယ်ရွယ်တဲ့ ကလေးတွေကတော့ အစည်းအဝေးတစ်လျှောက်လုံး တိတ်ဆိတ်စွာနဲ့ပဲ ဆေးရောင်စုံချယ်ခြင်း၊ ကစားစရာအရုပ်နှင့်ကစားခြင်းပြုကြသည်။ လူတိုင်းဟာ မိမိနေတတ်သလို သက်တောင့်သက်သာနေလို့ရတဲ့ အစည်းအဝေးပါ။
တေးဂီတ (ဘင်ဂျိုနှစ်လက်၊ ဂီတတစ်လက်နှင့်မယ်ဒလင်တစ်လက်)ချီးမွမ်းခြင်းအတွက် ခေါင်းဆောင်တင်စရာမလိုဘဲ အားလုံးအတွက် တဟာဇာတဖြစ်ရေးကိုသာ ဦးတည်သည့်အဖွဲ့ လိုက်သီချင်းဆိုမှုအားဖြင့် ပြုကြသည်။ အဲဒီအခါမှာ သီချင်းတောင်းဆိုချက်အရ သီဆိုမှုအနည်း အများကွဲပြားခြားနားတတ်ပါသည်။ ဆုတောင်းခြင်းတွေ တစ်ခါတစ်ရံတစ်ဦးတစ်ယောက်မှ ဦးဆောင်၍ အချိန်ကြာကြာ ဆုတောင်းတတ်သလို မကြာခဏဆိုသလို သီချင်းတစ်ပုဒ်နှင့်တစ်ပုဒ်ကြားညှပ်ဆုတောင်းခြင်း၌ ဘဝင်တွေ့နိုင်သည်။ အစည်းအဝေးချိန်တွေ နှုတ်ဖြင့်ကြိုတင်ကြေငြာခြင်းမရှိ သော်ငြားလည်းငြိမ်ဝပ်စွာအံ့ဝင်ရှင်ကျ ကိုးကွယ်မှုပြုနိုင်ပါသည်။ ဝတ်ပြုချိန်တစ်ချိန်တွင် တစ်ဦးကိုသာပြောရေးဆိုခွင့်ပြုသင့်သည်။ ခွန်အားပေးခြင်း၊ ကြေငြာချက်ထုတ်ပြန်ခြင်း၊ လုပ်ဆောင်ချက်တိုင်းသည် အသင်းတော်တည်ဆောက်ခြင်း ကဏ္ဍတိုင်းအတွက်သာ အဓိကဦးတည်ရပါမည်။

တစ်ခါတစ်ရံအခြားအခြားသော ညီအစ်ကို၏သွန်သင်မှု၊ အချို့အပတိစဉ်များတွင် နှုတ်ကပတ်တော်၌ ဦးဆောင်မှုမပေးနိုင်ခြင်းမျိုးရှိတတ်သည်။ သေချာသည့်အချက်မှာ သူတို့၌အစည်းအဝေးကျင်းပရန် ဦးစားပေးပြင်ဆင်ဖို့ စိတ်ဆန္ဒပြဋ္ဌာန်းလျက် ရှိကြသည်။ သို့သော် သင်ရိုးညွှန်းတမ်းတစ်ခုလို တရားဝင်လုပ်ဆောင်သူရှားပါသည်။ သက်သေခံခြင်းများ၊ သင်ကြားခြင်းနှင့် ချီးမွမ်းတေးများကြားထဲတွင် ဘုရားသခင်ထံတော်ပါးမှ သင်ခန်းစာများသင်ယူရရှိခြင်း၊ မိမိဆုတောင်းချက်၏ အဖြေနှင့် ခွန်အားရစရာအချက်များစသည်ဖြင့် ဝေမျှခံစားရသည်။ အာဂန္တုဓမ္မဝန်ဆောင်စရာများအနေဖြင့် မိမိ၏သာသနာနယ်နှင့် အခြားနေရာများရှိဘုရားရှင်၏ လုကဆောင်ချက်နှင့်ပတ်သတ်၍ မကြာခဏဟောပြောတတ်ကြသည်။

ဤ Interactive meetings သည် ပြုမူချက်သက်သက် (သို့) ပြကွက်တစ်ခုမဟုတ်သလို အလယ်အလတ်ဝါဒီသို့မဟုတ် အစွန်းရောက်ဝါဒီလည်းမဟုတ်ပါ။ သာမန်ဧည့်သည်တစ်ဦးက ဘယ်သူခေါင်းဆောင်လည်းဟု နားမလည်နိုင်ခဲ့ရင်တောင်မှ ပြဿနာတစ်ခုဖြေရှင်းရန် မရှိမဖြစ်လိုအပ်သည့်အရာဖြစ်ပါသည်။ တစ်ခါတစ်ရံတိတ်ဆိတ်နေသည့်အချိန်ရှိတတ်ပေမဲ့ ဤတွေ့ဆုံပွဲ အတွက်တရားဝင်အဆုံးသတ်ချိန်ဟု မဆိုနိုင်ပါ။ မကြာခဏဆိုဆိုသလို တစ်နာရီခွဲမှနှစ်နာရီထိ ကြာတတ်ပါသည်။ လူတိုင်းလူတိုင်း အဆိုမဟုတ်လျှင် အပြောအားသန်ခဲ့ရန် သို့မဟုတ် ကလေးများ၏အဆုံးထိခံနိုင်ရည် သို့မဟုတ် အတူတကွပူးပေါင်းပါဝင်မှုကို ဆာငတ်တဲ့တိုက်သွန်းချက်နှင့် နီဂုံးချုပ်သည်။ များသောအားဖြင့် အစည်းအဝေး၌အပိတ်ဆုတောင်းသည့်အခါ ရှေ့ဆက်ပြီး လူထုရေရှည်တည်မြဲသော မိဿဟာယအဖြစ်ဖြင့် ဆန္ဒပြင်းပြစေလိုသည်။ အစည်းအဝေးဟာ အမြဲလိုလိုပဲသခင်ဘုရား၏ပါါတော်မင်္ဂလာအသွင်သို့ ကူးပြောင်းလေ့ရှိပါသည်။ လူတုင်းအတွက် ပျော်ရွှင်စွာကျေနပ်မှုအပြည့်ပေးတဲ့ (အဝစား) ပွဲတော်တစ်ခုပါပဲ။ အထက်ကဖော်ပြတဲ့ အသင်းတော်အစည်းအဝေးအကြောင်းဟာ စိတ်ကူးယဉ်သက်သက်မဟုတ်ပါ။ တစ်ကမ္ဘာလုံးက အလားတူစွာ ဘုရားသခင်ရဲ့နေ့ရက်တိုင်းမှာပါဝင်ဆင်နွဲတဲ့အရာပါ။ ဒီလိုပဲ မတူညီတဲ့နေရာတွေဖြစ်တဲ့ အင်္ဂလန်၊ ကနေဒါ၊ ဩစတြေးလျနှင့် နယူးဇီးလန်နိုင်ငံများတွင်ပင်အလားတူပွဲတော်ဝတ်ကိုပြုကြသည်။ ၎င်းတို့၏နမူနာပုံစံကို ဓမ္မာသစ်ကျမ်းထဲမှာ တွေ့နိုင်သည်။ ခေတ်မှီတဲ့ယုံကြည်သူများဟာ အသင်းတော်ရဲ့ ပရဂုဏ်ထဲမှာ ကျမ်းစာပါအမိန့်အရ အဆောင်အယောင်အခင်းအကျင်းနဲ့ တရားဝင်စည်းကားသိုက်မြိုက်စွာဖြင့် ပွဲတော်ဝတ်ကိုပြုကြသည်။ ဒါကြောင့် ဓမ္မာသစ်ကျမ်းထဲမှ စစ်မှန်တဲ့ပွဲတော်ပုံစံဟာ ယနေ့ပုံစံခွက်နဲ့ လက်တွေ့ကျင့်ပုံနဲ့ အလှမ်းကွဲခြား၍ နေပါသည်။

## အပြန်အလှန်အကျိုးပြုအစည်းအဝေးအတွက် ကျမ်းစာပါဝိရောဓိများ
## (Scriptural Argument for Participatory Meeting)

အချင်းချင်းအပြန်အလှန် အကျိုးပြုအစည်းအဝေးဟာ အမှန်တကယ် ကျမ်းစာပါအတိုင်းပင် ဖြစ်သည်။ ဥပမာ ရှင်ပေါလုက ကောရိန္သုအသင်းတော်အား ပြောပါတယ်။ "ညီအစ်ကိုတို့ အဘယ်သို့နည်း။ သင်တို့စည်းဝေးကြသောအခါ၊ ဆာလံသီချင်းကိုရသောသူ၊ ဆုံးမဩဝါဒစကားကိုရသောသူ၊ ဗျာဒိတ်တော်ကိုရသောသူ၊ အနက်ဖော်ပြရာကိုရသောသူ၊ အသီးသီးရရှိကြသည်ဖြစ်၍ အရာအားလုံးတို့ဖြင့် အသင်းတော်ဆောက်ရမည်။" (၁ကော၊ ၁၄:၂၆)

နှုတ်ကပတ်တော်ကို သမ္မာကျမ်းစကားအရ "တစ်ဦးတစ်ယောက်အစားလူတိုင်းလူတိုင်း" လို့သုံးနှုန်းထားပါသည်။ ဒီအချက်ကို ယနေ့ခေတ်ကာလအသင်းတော်တိုင်းမှာသာ၍ပေါ်လွင်ထင်ရှားစေသင့်သည်။ ဤအချက်ဟာ နဂိုမူလရှင်းလင်းတဲ့ပြဋ္ဌာန်းချက်ပါ။ မည်သို့ဆိုစေ၊ နဂိုမူလ အသင်းတော်တွေ့ဆုံပွဲ ပုံစံတွေလည်းပဲကွဲပြားခြားနားမှုများ ရှိခဲ့ဖူးပါသည်။ တွေ့ဆုံပွဲအတွက် အပြန်အလှန်အကျိုးပြုခြင်း၊ တစ်ဦးကိုတစ်ဦးကို လိုလိုလားလားရှိခြင်းနှင့် အတူတကွပါဝင်ဆင်နွှဲခြင်းတို့ဖြစ်သည်။ တစ်ခုသိထားဖို့က ၎င်းတို့ဟာစစ်မှန်တဲ့ပရိသတ်တော် မရှိနိုင်ပါဘူး။ ဘာကြောင့်လဲဆိုရင်အားလုံးသော ညီအစ်ကိုများဟာ အဘယ်ခအဖွဲ့ဝင်များဖြစ်နိုင်ဖွယ်ရှိလို့ပဲ။

နဂိုမူလအသင်းတော်၌ မိမိဆန္ဒအလျှောက်လိုလိုလားလားနဲ့ အချင်းချင်းအပြန်အလှန် အကျိုးပြုပါဝင်သူတိုင်း၌ ထင်ရှားတဲ့အမှတ်လက္ခဏာကွဲဏာကတော့ အခြားသောဘာသာစကားပြောကြသည်။ "အကယ်၍ အခြားသောလာသာစကားဖြင့် ဟောပြောသူရှိလျှင် နှစ်ယောက်ဖြစ်စေ၊ အများဆုံးသုံးယောက်ဖြစ်စေ၊ တစ်ယောက်နောက်တစ်ယောက်ပြော၍၊ တစ်ယောက်သောသူသည် နက်ကိုဖော်ပြစေ။ စကားပြန်မရှိလျှင် ဟောပြောသောသူသည် အသင်းတော်၌ တိတ်ဆိတ်စွာနေ၍ မိမိအားငှင်း၊ ဘုရားသခင်အားငှင်း၊ ပြောစေ (၁ကော၊ ၁၄:၂၇–၂၈)။

ထိုသူတို့ဟာ မသိသောဘာသာနဲ့ဟောပြောရန် ကြိုတင်စီမံထားသလား။ သဘာဝလွန်ပေး ထားတဲ့ဆုကျေးဇူးနဲ့တော့မတူပါ။ အပြန်အလှန်အကျိုးပြုဖို့ ယင်းကဲ့သို့ စုစည်းချိန်သမယ၌ အခြားဘာသာစကားပြောခြင်းကို သုံးဦးတိုင်အောင်တွေ့ရှိရပြီး အနက်အဓိပ္ပာယ်ပြန်ခြင်းကို တစ်ဆက်တစ်စပ်တည်းရှိရပါမည်။

ပိုမိုထူးခြားတဲ့လက္ခဏာ ဒီလိုစုစည်းတဲ့အချိန်မျိုးမှာ ပရောဖက်ပြုခြင်း၏အကြောင်းကိုငှင်း (၁ကော၊ ၁၄:၂၉–၃၈) ညွှန်ပြထားသည်။ ပရောဖက်ပြုသူနှစ်ဦး၊ သုံးဦးသာဟောပြော၍ အခြားသောသူသည် စစ်ကြောဆင်ခြင်ကြစေ(၁ကော ၁၄:၂၉) မိမိတို့၏စိတ်ဆန္ဒအလျှောက် ပါဝင်ကြသည်။ (၁ကော ၁၄:၃၀–၃၁) "ထိုင်လျက်နေသောသူအား တစ်စုံတစ်ခုကိုဖွင့်ပြတော်မူလျှင်၊ အရင်ဟောသောသူသည် တိတ်ဆိတ်စွာနေစေ။ ရှင်းရှင်းပြောရလျှင် အချို့သော ပရောဆက်များဟာ၊ ဘုရားကျောင်းကိုလာပြီး တစ်စုံတစ်ခုပြောရန် အစီအစဉ်မရှိခိုက် ဗျာဒိတ်ခံရလျှင် ထိုနေရာတွင်ထိုင်ပြီးနားထောင်ဖို့ ဖြစ်သည်။

ဓမ္မသစ်ကျမ်းပိုဒ် (၁ကော ၁၄:၃၃ᵇ –၃၅) အရ အငြင်းပွားဆုံးဖြစ်နိုင်ခြေရှိသူအမျိုးသမီးများဟာ အစည်းအဝေးမှာ ဆိတ်ဆိတ်နေဖို့ပြောတားပါသည်။ မည်သို့ဆိုစေ၊ ဒီအဓိပ္ပာယ်ဖွင့်ဆိုချက် စာပိုဒ်တစ်ခုဟာ ပထမရာစုကစ၍ အသင်းတော်အစည်းအဝေးမရှိခဲ့လျှင် ရှင်ပေါလုက ဒီလိုရေးဖို့လိုလိမ့်မည်မဟုတ်ပါ။ ထိုအရာကို (၁ကော ၁၄:၃၅) တွင် အသင်းတော်အစည်းအဝေးကျင်းပစဉ်ပင် လူထုကဓမ္မဆရာကို သွယ်ဝိုက်၍ မေးခွန်းထုတ်ခဲ့ကြသည်။ "မိန်းမတွင်တစ်စုံတစ်ခုကို သိလိုလျှင် အိမ်မှာမိမိခင်ပွန်းအား မေးမြန်းသင့်သည်။ ရှင်ပေါလု ဆိုလိုတဲ့အတိုင်းမိန်းမများ မေးခွန်းသပါဒမျှမမေးရင်တောင်မှ ယောကျ်ားများဟာ ပဟေဠိအမေးပုစ္ဆာရှင်အဖြစ် ရပ်တည်နေဆဲပင်။ လိုရင်းကို ပြန်ကောက်ကြည့်လျှင် အသင်းတော်အစည်းအဝေးဆိုသည်မှာ နည်းလမ်းတစ်ခုတည်းဖြင့် ဆက်သွယ်နိုင်သည်ဟု မမှတ်ယူသင့်ပါ။ အကြောင်းမှာ ၎င်းတို့အနေဖြင့် ကိုယ်အမူအရာနှင့် နှုတ်အမူအရာများအားဖြင့် အပြန်အလှန်ပြုခြင်းကြားထဲ၌ ရောက်ရှိခြင်းပင်တည်း။

ဓမ္မသစ်ကျမ်းပိုင်း၏ စာတိုင်းဟာအများအားဖြင့်မကြာခဏဖြစ်ပျက်တတ်တဲ့ အမူအရာ ဖြင့်သရုပ်ဖော်ထားသည်။ အဘယ်ကြောင့်ဆိုသော် ဒေသတွင်းပြဿရပ်ကိုရှေ့ရှုရေးသားထားပါသည်။ အချို့သော ကောရိန္သုလူတွေ၏သိသာထင်ရှားတွဲလို့ထားချက်သည်၊ ကျဥ်းမြောင်းသောလမ်း စဉ်၏စိတ်ဆန္ဒများထက်ခြားနားသည့် အစည်းအဝေးဖြစ်စေလိုကြသည်။ ကောရိန္သု၏အချို့သော အသင်းတော်အစည်းဝေး၏ကျင့်စဉ်များမှာ အထင်အရှားပင်လွဲချော်ခဲ့ကြတယ်။ သူတို့၏မေးနေကျမေးခွန်းနှစ်ခုဟာတကယ်သိသာထင်ရှားတဲ့အရာပါ။ ၎င်းတို့မှာ(၁)ဘုရားသခင်၏နှုတ်ကပတ်တော်ဟာ သင်တို့မှ ထွက်သလော။ (၂)သို့မဟုတ် သင်တို့သို့သာရောက်သလော။ (၁ကော၊ ၁၄:၃၆) သေချာတာကတော့နှုတ်ကပတ်တော်ဟာ ကောရိန္သုသားတို့မှ မထွက်သလို၊ သာ၍သေချာတာက သူတို့သို့လည်းမရောက်ခဲ့ပါ။ ၁ကော၊၁၄ ပါဘာပြဋ္ဌာန်းထားသလဲဆိုတာထက်၊ သူတို့အစည်းအဝေး ၌အခွင့်အရေးနှင့်အာဏာပေးခြင်းမှ လွဲ၍အခြားဆက်သွယ်စရာနည်းလမ်းအားဖြင့် အဆိုပါမေးခွန်းနှစ် ခုအပေါ်ကောရိန္သုမြို့ယုံကြည်သူများသက်ဝင်ယုံကြည်စေရမည်။ မှန်ကန်စွာ ပေးဆပ်ခြင်းစိန်ခေါ်တက် ကိုထိန်းသိမ်းခြင်းဖြင့်အသင်းတော်၌အမြန်အလှန် အကျိုးပြုလုပ်ငန်းကိုမထိခိုက်စေပါ။ ရှင်ပေါလု "အခြား သောဘာသာစကားပြောခြင်းက မပဟန့်ထားကြနှင့်။ ခပ်သိမ်းသောအမှုကိုတင့်တယ်လျှောက်ပတ်စွာ အစဉ်အတိုင်းစီရင်ကြလော့။" (၁ကော၊ ၁၄:၁၉–၄၀)။

အသင်းတော်အစည်းအဝေးကျင်းပခြင်းကို ဤသို့လိုလားခြင်းနှင့်အပြန်အလှန် အကျိုးပြုလုပ်ဆောင်ချက်ကို (၁ကော၊၁၄း၁၇) မှာ ကျေညာထားသည်မှာ "တစ်စုံတစ်ယောက်သောသူက ဤသူသည်ဝိညာဉ်ဆုကျေးဇူးသို့မဟုတ် ပရောဖက်တစ်ဦးဖြစ်ကြောင်းတွေးမိလျှင် ဝန်ခံဖို့ရာထိုအရာကို ငါသည်သခင်ဘုရား၏ အမိန့်အတိုင်းသင်တို့အားရေး၍ ပေးလိုက်သည်" သို့ဖြင့်ရာ ၁ကော၊၁၄ သည် ရေးကျသောအသင်းတော်အစည်းအဝေးဖော်ပြချက် စိုးစဉ်းစုစည်း ရပ်တည်ချက်ကို ညွှန်ပြခြင်းပင်ဖြစ်တည်း။

ကျွန်တော်သိတဲ့ကနဦးအသင်းတော်ရဲ့အနေအထားဟာ ပထမရာစုမှာရှိတဲ့အမြန်အလှန်ကျိုး ပြုအစည်းအဝေး လောက်မာလွန်ပါ။ ပထမရာစုရောမအင်ပါယာနေရာအတော်များများရှိ ယုံကြည်သူတွေဟာ ဂျူးလူမျိုးများဖြစ်ခဲ့ကြသည်။ သူတို့တစ်တွေဟာ ဆင်နဂေါ့ဘုရားကျောင်းပုံစံဖြင့် စုဝေးခြင်းအမှု၌ စံပြုလောက်အောင်ကျင့်သားရကြသူတွေဖြစ်တယ်။ သူတို့ပါဝင်နိုင်တဲ့နေရာမှာ ဆင်နဂေါ့ကျောင်းကို ဆောက်ကြတယ်။ တမန်တော်ဝတ္ထု ၁၃း၁၄–၁၅၊ ၁၄း၁၊ ၁၇း၁–၂၊ ၁၇း၁၀၊ ၁၈း၄၊ နှင့် ၁၉း၈ တွင် တမန်တော်တွေဟာ ဤဂျူးဘုရားကျောင်း(ဆင်နဂေါ့)မှာပဲ ဧဝံဂေလိတရား စည်းဝေး ဟောပြောခွင့် ရရှိခဲ့ကြသည်။ ဆင်နဂေါ့ဝတ်ပြုစည်းဝေးတိုင်းတွင် တမန်တော်တို့က ကျေးဇူးတော်ကြောင့် အမြဲပြောရေး ဆိုခွင့်ရရှိခဲ့ကြသည်။ အဓိကအချက်က ပထမရာစု ဆင်နဂေါ့ အစည်းဝေးဟာ ယနေ့ ၂၁ရာစုအသင်းတော် ဝတ်ပြုခြင်းလိုပဲ စံပြုစရာတွေ ရှိနေတယ်။ ရှင်ပေါလုနှင့်အပေါင်းအဖော်တို့သည် အခြားနည်းလမ်းအားဖြင့်လည်း ဂျူးလူမျိုးများထံ သတင်းကောင်းရောက်အောင်ပို့ဆောင်သည်။ အခြားသမ္မာကျမ်းညွှန်းမှာလဲပဲ ထိုနည်းတူစွာပင် တမန်တော်ဝတ္ထု ၂၀း၇ ၌လည်း ရှင်ပေါလုသန်းခေါင်ယံချိန်ထိ တရားဟောချက်ကို တွေ့နိုင်သည်။ ဂရိအက္ခရာအရ "talking" ကို "dia loguenia" ဟုပြန်ဆိုရာတွင် "ကောင်းစွာတိုက်လှန်ခြင်းပြုသည်။ "ယနေ့ အခေါ် dia logue ဟူ၍ ဖြစ်သည်။ ထို (Troas) အစေည်းဝေးကို အပြန်အလှန်အကျိုးပြုစုခြင်း (Interactive) ဟုခေါ်ဆိုသည်။ (၁၀း၂၅)တွင် ဟေဗြဲစာရေးဆရာမှ ဤအစည်းအဝေးကို မရှောင်မလွှဲကြရန်နှင့် အချင်းချင်းထုံးစံရှိသည့်အတိုင်း တစ်ဦးနှင့်တစ်ဦး ခွန်အားပေးကြရန် တိုက်တွန်းထားပါသည်။ ကနဦးယုံကြည်သူများသည် တစ်ဦးနှင့်တစ်ဦး အမြဲခွန်အားပေးတတ်ကြသည်။ ဤကဲ့သို့ကောင်းသောအစီအစဉ်၊ ခွန်အားပေးမှုဟာ အပြန်အလှန်အကျိုးပြုခြင်းရဲ့ လိုအပ်ချက်ပင်ဖြစ်သည်။ ဟေဗြဲ ၁၀း၂၄ တွင် ထိုမှတစ်ပါး၊ မေတ္တာရှိခြင်းငှာရင်း၊ ကောင်းသောအကျင့်ကို ကျင့်စေခြင်းငှာရင်း၊ တိုက်တွန်းနိုးဆော်ခွင့် ကိုရှာ၍ အချင်းချင်းတစ်ယောက်ကိုတစ်ယောက် ထောက်စာကြည့်ရှုကြကုန်အံ့ဆိုတဲ့အချက်ဟာ အပြန်အလှန်အကျိုးပြုစုခြင်းအတွက် လိုအပ်ချက်မဟုတ်ပါလား။

ရှင်ပေါလုက ၁ကော ၁၂း၂၆ တွင် သင်တို့စည်းဝေးသောအခါ သင်တို့၏လုပ်ဆောင်ချက် ခပ်သိမ်းတို့သည် တည်ဆောက်ခြင်းအကျိုးကို ပြုစုကြရမည်။ ဂရိလို "oikodome" အင်္ဂလိပ်လို "building" (NASV) ဟုဆိုထားသည်။ Thayer ဆိုသူမှာ သူ၏အဘိဓာန်ကျမ်းထဲမှာ "ခရစ်ယာန်ခံယူချက်အပေါ်အခြေခံလျှက် တစ်ဦးကိုတစ်ဦး မြင့်တင်လုပ်ဆောင်ချက်ဖြင့် ဖွံ့ဖြိုးတိုးတက်နည်းဖြစ်သည်။ သို့ဖြစ်၍ အသင်းတော်အစည်းအဝေး၌ပြုမှု၊ ပြောဆို၊ ခွန်အားပေးတိုက်တွန်းမှု အလုံးစုံကို ချင့်တိက်လျှက်အခြားသော ယုံကြည်သူအချင်းချင်းအမြင်မှာ ပါတင့်စေရမည်။

ရှင်ပေါလုအသေအချာ ပြောထားတဲ့အချက်က "ပရောဆက်ပြုသောသူသည် အသင်းတော်ကို တည်ဆောက်၏။ အခြားသောဘာသာစကားပြောသူသည် ကိုယ်ကိုသာတည်ဆောက်၏။ (၁ကော ၁၄း၃–၄)၊ ချုပ်အားဖြင့် စာရိတ္တတည်ဆောက်ခြင်းတည်း။ (၁ကော ၁၄း၅) ကောရိန္တုလူတို့ထံသို့ ဝိညာဉ်ဆုကျေးဇူးကို သာ၍အလွန်ရှိသသည်တွင် အသင်းတော်တည်ဆောက်ခြင်းအတွက်ဟူ၍ (၁ကော ၁၄း၁၂)တွင်ငင်း၊ အချက်ပါအချက်အလက်အားလုံးဟာ ကနဦးအသင်းတော်အစည်းအဝေး၏ ပင်ကိုယ်သဘာဝအားဖြင့် အပြန်အလှန်အကျိုးပြု လုပ်ဆောင်ချက်ပင်ဖြစ်သည်။

တစ်ခုသောနောက်ဆုံးလေ့လာတွေ့ရှိချက်ကတော့ "ယနေ့အသင်းတော်စုစည်းမှုသည် အများကိုးစားမှုကို ဆိုလိုသည်။ ဤခေါင်းစဉ်၏ အကျိုးအကြောင်းဆက်နွယ်မှုအရ၊ ခရစ်ယာန်လူထုပုံမှန်စည်းဝေးခြင်းသည် ဘုရားသခင်ကို ဝတ်ပြုကိုးကွယ်ဖို့ရန်ဖြစ်သည်။ သို့သော် ဓမ္မသစ်ကျမ်းပိုဒ်၏ အလိုအရအသင်းတော်စုစည်းမှုတိုင်းဟာ ဝတ်ပြုကိုးကွယ်မှုကိုသာ ဦးတည်မထားဘူးဆိုတဲ့ အချက်ပါပဲ။ ကျွန်တော်တို့အလွယ်တကူ တွေ့မြင်နိုင်တဲ့အချက်က "သမ္မာကျမ်းစာသည် ကနဦးအသင်းတော်၏ စုစည်းရခြင်းအတွက် အဓိကရည်ရွယ်ချက်ဟာ တစ်ဦးကိုတစ်ဦး အပြန်အလှန် တည်ဆောက်ခြင်းနှင့် ခွန်အားပေးခြင်းအမှု" အတွက်ပေတည်း။

ကျွန်တော့်ကို အထင်မလွဲလိုက်ပါနဲ့။ အသင်းတော်၏ ပူးပေါင်းဝတ်ပြုခြင်းအားဖြင့် သာ၍ ခွန်အားတက်ရန် အထောက်အကူဖြစ်စေပါသည်။ ဘာပဲဖြစ်စေ၊ ဝတ်ပြုကိုးကွယ်ခြင်းအမှုတစ်ခုတည်းသာ မရည်ရွယ်တဲ့အချက်ပဲ။ ပြဿနာ အရပ်ရပ်ပေါ်မူတည်ပြီး အစည်းအဝေး၏ အမည်နာမကွဲပြားနိုင်ပါသည်။ တစ်အချက်ကအသင်းတော်အစည်းအဝေးဟာ ဝတ်ပြုခြင်းတစ်ခုအတွက် သာမဟုတ်ဘဲ အချင်းချင်းအပြန်အလှန်အကျိုးပြုစေရမည်။ နှစ်အချက်အလားတူ သင့်တော်မှန်ကန်တဲ့ဆောင်ရွက်မှု အဖြစ်အပျက်တစ်ခုတည်းကိုသာ ဦးတည်ဝတ်ပြုကိုးကွယ်ရမည်။ အခြားမလိုလားအပ်တဲ့ ဟန်ပန်အနေအထား နည်းနိုင်သမျှနည်းစေဖို့ အရေးကြီးသည်။ လူထုကို ဦးဆောင်ရာမှာပါဝင်မည့် စိတ်၏ ခံစားချက်အပိုင်းဖြစ်တဲ့ ခမ်းနားတဲ့ ဗိသုကာလက်ရာအဆောင်အယောင်၊ ဖယောင်တိုင်ထွန်းခြင်း၊ တိတ်တဆိတ်ဖြင့်အထွဋ်အမြတ်ထားခြင်း၊

ရောင်စုံဖန်ခွက်၊ ထိန့်လန့်စရာတေါဂီတသံစဉ်၊ အစီအစဉ်တစ်ခုစီအတွက်တင်ပြမှုများဟာ မရှိမဖြစ်လိုအပ်တဲ့ ပြုမူဆောင်ရွက်မှုတစ်ခုပါ။ ၎င်းကဲ့သို့ အလားတူစွာ ကျမ်းစာအံလျှော်မှုအတွက် (၁ကော ၁၄) အရ မှန်ကန်သော လုပ်ရပ်နှင့်နိုင်းစာလျှင် အနေရခက်ခြင်း၊ သက်တောင့်သက်သာမဖြစ်ခြင်းနှင့် တစိမ်းတရံ ဆန်သည့် အချက်များကို တွေ့ရသည်။

ဒါကြောင့်ဘယ်မှာ အံဝင်ဂွင်ကျ ကိုးကွယ်မှုရမှာလဲ၊ ခရစ်တော်သည်အမျိုးသမီးတစ်ဦးကို ရေတွင်းနားမှာပြောခဲ့တာက "ဤတော်သို့မလာ၊ ယေရုရှလင်မြို့သို့မသွားဘဲ၊ ခမည်းတော်ကို ကိုးကွယ်ရမည့်အချိန်ကာလ ရောက်ဆဲရှိ၏ (ရှင်ယောဟန် ၄း၂၁–၂၄)။ ဆိုလိုတဲ့အချက်က၊ ပဋိညာဉ်တရားသစ်၏ ဝတ်ပြုကိုးကွယ်မှုပုံကို ယေရှုဘုရားရှင်းလင်းစွာဖော်ပြတာက "သမာရိုး ကျနည်းလမ်းအတိုင်း နေရာဒေသအစွဲထိုး ကိုးကွယ်ရန်မလိုတော့ဘူး" အလားတူ တနင်္ဂနွေနံနက် (၁၀း၀၀)နာရီအချိန် ဗိမာန်တော်တစ်ခုခုမှာ ကိုးကွယ်ရမည်ဟု မဆိုလိုပါ။

ကိုးကွယ်မှုနှင့်ပတ်သက်၍ မူရင်းဂရိလိုအဓိပ္ပာယ်နှစ်မျိုးကို ဓမ္မသစ်ကျမ်း၌ တွေ့နိုင်ပါသည်။ ပထမစကားလုံးကတော့ "Proskuneo" = ဘုရားသခင်ကိုကြောက်ရွံ့ရိုသေသော သဘောထား၊ ဖခင်ထံနှိမ့်ချသည့်သဘော၊ ထိန့်လန့်အံ့သြဘွယ်၊ ကြည်ညိုလေးစား၊ တန်ဖိုးစားမြတ်နိုးစရာဖြစ်ခြင်းကို ဖော်ပြသည်။ ဒုတိယစကားလုံးမှာ (Latreia)= နာခံမှုနှင့် အစေခံဘဝအသက်သာမျိုးပင်ဖြစ်သည်။ ဓမ္မသစ်ကျမ်းမှ ကိုးကွယ်မှု၏ဒုတိယစကားလုံးသည် အတွင်းစိတ်နှင့်ဆိုင်လက်တွေ့ကျကျ ကိုးကွယ်မှုမှ ထွက်ပေါ်လာသည့် စကားလုံးဖြစ်သည်။ ကိုးကွယ်မှုစကားလုံးဟာ "သဘောထားနှင့်လက်တွေ့လုပ်ဆောင်ချက်" နှစ်ခုအပေါ် အမှီတဟဲပြုထားသည်။ အလားတူ "ဖရန်စစ်စကွက်ကီး" ဆိုသူ၏ ဂုဏ်တော်ချီးမွမ်းတေးသီချင်း၌ "ဘယ်သောအခါမျှတိုင်းတာမရနိုင်တဲ့ စကားလုံးများနှင့် ကိုယ်တော်ရှင်အားချီးမွမ်းဖို့ အကျွန်ုပ်ဘဝကို ရှေ့ဆက်သပေးပါ။ ထို့ကြောင့် ကျွန်ုပ်တို့အပတ်စဉ် ပါဝင်နေကျအသင်းတော်အစည်းအဝေး၌ ကလေးများစည်းကမ်းရှိဖို့၊ ရိုးသားစွာ ဆက်လက်လုပ်ဆောင်တတ်ရန်နှင့် မိသားစုကိုချစ်တဲ့ စိတ်ဓာတ်စသည်ဖြင် လက်တွေ့ဖြစ်နိုင်တဲ့အရာပေါ်မှာရပ်တည်ပြီး ကိုးကွယ်ရပါမည်။ ကျွန်ုပ်တို့ရဲ့ နေ့စဉ်အသက်တာဟာ စဉ်ဆက်မပြတ် ကိုးကွယ်မှုပြုကြရသည်။

တနင်္ဂနွေနေ့မှာ အားလုံး၏အကျိုးအတွက်စုဝေးခြင်းဖြစ်သည်။ ထိုအကျိုးသည် ဘုရားသခင်မဟုတ်၊လိုချင်သောသူတိုင်း ခွန်အားနှင့်ပြည့်ဝစေမည်။ ဘုရားသခင်သည် ခွန်အားယုတ်လျှော့တော်မမူ၊ သခင်ဘုရားသည် စိတ်အားလျောနည်းခြင်း၊ မောပန်းခြင်းအလျဉ်းမရှိသလို ခွန်အားထပ်ဖြည့်ရန် အလိုမရှိပါ။ ယေရှုသည် ဘာအားနည်းချက်မှမရှိ။ သူ့ရဲ့လူများအတွက် ရပ်တည်ပေးသည်။ သို့ဖြစ်၍ အသင်းတော်အစည်းအဝေး၏ မူလရည်ရွယ်ချက်ကတော့ ဘုရားသခင်၏ လူများကို တန်ဆာဆင်ရန်နှင့် အခြားနေ့ရက်တွင်မှာ အပြင်ထွက်ပြီး သခင်အလိုတော်ဆောင်ခြင်း၊ ဝတ်ပြုကိုးကွယ်ခြင်းပြုကြသည် (ဟေဗြဲ ၁၀း၂၄–၂၅) ဤအချက်သည် ပို၍နက်ရှိုင်းစွာနာခံခြင်းနှင့် ကိုးကွယ်ခြင်းအတွက် ရွေးကောက် ခံသူတို့ကို တွန်းအားပေးရန်ဖြစ်သည်။

**အပြန်အလှန်အကျိုးပြုအစည်းအဝေးအတွက် ယုတ္တိနည်းကျအငြင်းပွားမှုများ**
(Logical Arguments For Interactive Meetings)

ဤအရာဟာကနဦးအသင်းတော်၏ အသင်းသားများကို အိမ်ထဲမှာမြင်တွေ့နိုင်သည့်ရိုးစင်းတဲ့ အချက်ပါပဲ။ ဓမ္မသစ်ခေတ်ဦးမှအနှစ် ၂၀၀ ကြားကာလတွင်ဆောက်လုပ်သည့်ဘုရားကျောင်းအထူး အထူးအဆောက်အဦးမကြီးများမရှိခဲ့ပါ။ ဒီလိုအသင်းတော်အတွက်လိုအပ်တဲ့ကြားကာလမှာ လူထု လူစေးပိုမိုကြီးထွားလာမည့်အစားပိုမိုသေးငယ်လာခဲ့သည်။ ဒီလိုပိုမိုသေးငယ်တဲ့ရပ်တည်ချက်ကို ပြည့်ဝစွာ ဖယ်ရှားရန်လိုအပ်ချက်၊ ဖြစ်နိုင်ခြေရှိသည့်အချက်နှင့် တိတ်ဆိတ်စွာနားထောင်သူ လူစု့လူဝေး ကိုဝေငှရန်အတွက် အာဖ္ဂန်းရှင်တဲ့တရားဟောချက်များကို အဆိုပါအစည်းအဝေးကျင်းပစဉ် ပါဝင်စေသင့်သည်။

ရောမအင်ပါယာအနေဖြင့် ခရစ်ယာန်ဖြစ်ခြင်းကိုတရားဝင်ဘာသာအဖြစ် အသိအမှတ်ပြုပြီး နောက်မှာအခြားဘုရားကျောင်းများနေရာမှာ အသင်းတော်အဆောက်အဦးတည်ဆောက်ဖို့ကွန်စတန်တင် နိုင်ဖဲလ်ဘုရင်မှ အမိန့်ထုတ်ပြန်ခဲ့သည်။ ယုံကြည်သူများဟာ ကျွဲအုပ်၊ နွားအုပ်ကဲ့သို့နရိုအိမ်အသသင်းတော်မှ နိုင်ငံနှင့်အဝှမ်းကျယ်ပြန့်စွာ ရပ်တည်လာခဲ့သည်။ အလားအတူအစီစဉ်ဒါမှမဟုတ် မြင်သာသ ထင်ရှားစေရ်သဘာဝကျကျကြီးမားသည့် လူစုလူဝေးလည်းရှိပါသည်။ ဒါကြောင့်အချင်းချင်းအပြန် အလှန်အကျိုးပြုသင်ကြားရေးမှ ဘာမှမဟုတ်သလိုဖြစ်လာသလိုညွှန်ကြားချက်သည်လည်း တဦးတယောက်မိန့်ခွန်းပြောသည့်ပုံစံဖြစ်လာသည်။ ပြည်သူလူထုထဲကမေးခွန်းပြန်မေးခွင့်မပြုတော့ပါ။ လိုလိုလားလားကမ်းလှမ်းချက်မျိုးကွယ်ပျောက်ခဲ့ပြီ။ အခြားသူတဦးဦး၏ရှုထောင့်ဟာ လူစုလူဝေး၌မဝင်ဆန့်နိုင်တော့ချေ။ လွှတ်လပ်စွာပြောရေးဆိုခွင့်မှ မလွှတ်လပ်သည့်နည်းကိုပေးလာခဲ့သည်။ အသင်းတော် ၏ခေါင်းဆောင်အနေဖြင့်အထူးဝတ်စုံကို စတင်ဆင်မြန်းလာခဲတယ်။ ဝတ်ပြုကိုးကွယ်မှုကိုပံ့ပိုးတဲ့အရာများဟာ အမွှေးတိုင်များ၊ သူတော်စင်ရုပ်တုများ၊ လက်ဟန်ခြေဟန်ပြုမူပုံစသည့်ဖြင့် အစားထိုးလာခဲ့သည်။ ထိုအရာများယနေ့တိုင်အောင် အနည်းအများအလေးထားဆဲပါ။ အတိုချုပ်အးဖြင့်ဓမ္မ သစ်နည်းဥပဒေသအားဝန်ပေါ့သွားအောင် ရှာကြံတဲ့လူတို့၏ကိုင်ပိုင်ဟန်မူရာပင်ဖြစ်သည်။ အဲဒီဟန်မူ ရာဟာအသင်းတော်အစည်းအဝေးအတွက် လိုအပ်နေတဲ့အကောင်းဆုံးတွေ့ဆုံမှုလို့ဘုရားသခင်၏

လူများကဆိုနိုင်မလား။ သေချာတဲ့အချက်က ဘုရားသခင်၏နှုတ်ကပတ်တော်မှအပတ်စဉ်ထုတ်အရာတွေဟာ တယ်ကောင်းတာတွေ ပေါ်ထွက်လာပါတယ်။ ဒါတွေဟာအသင်းတော်ခေါင်းဆောင်များနှင့် တရားဟောဆရာတို့နာမည်ကြီးလာစေဖို့သက်သက်ပါ။ ဝိညာဉ်တော်မှုတ်သွင်းခြင်းဆိုင်ရာကြီးမြတ်သည့်ချီးမွမ်း ကိုးကွယ်မှုနှင့်ယုံကြည်မှုဆိုင်ရာတေးသီချင်းများဟာ အမြတ်အစွန်းရရှိဖို့အတွက်ဖြစ်လာသည်။ အသင်းတော်အစည်းအဝေးဟာအစေခံမှုတခုနီးပါး လူတွေပိုမိုတတ်ရောက်ကြောင်းကျမ်းစာအရဆိုနိုင်ပါသည်။ အမှုတော်လုပ်ငန်းဆောင်ရွက်ရန်အမျိုးမျိုးသော ဝိညာဉ်ဆုကျေးဇူးအားဖြင့် ပိုမိုလုပ်ဆောင်နိုင်သူကို နှုတ်ကတိဖြင့်ငါးရန်စိတ်အားထက်သန်သောညီအစ်ကိုအယောက်တိုင်းအစည်းအဝေး၌ဝင်ရောက်ပါဝင်နိုင်ပါသည်။ လုပ်ငန်းကိုအကြောင်းပြု၍ ခွင့်ပြု၍မရနိုင်သူတွေကတော့၊ စိတ်မပါသူနှင့်စိတ်ယုတ်မာ သူတွေဖြစ်ကြတယ်။ ဒါနဲ့ပက်သတ်၍ရှင်ပေါလုကဒီလိုရေးခဲ့တယ်။ မတူကွဲပြားတဲ့ညီအစ်ကိုကြားမှ တဦးကိုတဦးဝန်တာမရှိကြသော်လည်းငင်းတို့ကို သင်ကြားပေးဖို့ဘုရားသခင်ဝန်တာထားတယ်။ သူယူမှုအပိုင်းတိုးတက်ဖို့ရာမေးခွန်းရှင်ကတော့ သင်ကြားသူဖြစ်တယ်။ ထပ်မံဖြည့်စွက်ချက်ကတော့၊ ခန္ဓာကိုယ်ပိုင်းကြီးထွန်းရန် နှုတ်ကပတ်တော်အတိုင်းလျှောက်ထားခြင်း၊ ပုံဖော်ခြင်းဖြင့်ပေးကမ်းနိုင်တယ်။ မှားယွင်းတဲ့ခံယူချက်အတွက် လူထုရှေ့မှောက်မှာ အမှားကိုရှင်းလင်းထောက်ပြခြင်းအားဖြင့် အရေးယူနိုင်တယ်။ အသစ်သောယုံကြည်သူတို့က ယုံကြည်သူများအနေဖြင့် ထိုစိတ်သဘောအားဖြင့် အတူတကွ ကျင်လည်နေရမည်။ ရင့်ကျက်တဲ့ပမဏာဆိုတာကောင်းကင်ယံကခုံးပျံတစင်းလိုပဲ။ ညီအစ်ကိုတဦးသည် အစည်းအဝေးကိုဘေးမှရပ်ကြည့်ပြီးဝေဖန်နေမည့်အစား ဘယ်ကဲ့သို့ပါဝင်လုပ်ဆောင် ရမလဲဟူ၍ဝန်တာရှိသင့်တယ်။

**အပြန်အလှန်အကျိုးပြုအစည်းအဝေးအတွက်စာပေသမားများ၏အမြင်**
(Scholarly Testimony For Interactive Meetings)

ဓမ္မသစ်အသင်းတော်စုစည်းမှုကို အပြည့်အဝလမ်းဖွင့်ထားပေမဲ့ဘယ်သူမှ ပါဝင်ဦးဆောင်မှု မရှိခဲ့ကြဘူးဆိုတဲ့သုတေသနပြုချက်ဟာမှန်ပါတယ်။ ဥပမာ ဒေါက်တာဟင်နဒီရဲဖိတန်၏ခြသေ့် လက်ဆွဲစာအုပ်ခေါ်ခရစ်ယာန်ဖြစ်ခြင်းသမိုင်းစာအုပ်မှာဖော်ပြထားသည်မှာ အိမ်အသင်းတော်၏ကိုး ကွယ်မှု၌ရင်းနှီးကြင်နာမှုဖြင့်အားလုံးရဲ့ ရှေ့မှာလက်တွေ့ပြသတဲ့အပိုင်းကို အတူတကွပူးပေါင်းလုပ် ဆောင်ခြင်းအသွင်သို့အသင်းတော်တခုလုံးက ဘုန်းတော်ကြီးပြောတဲ့အတိုင်းနာခံလိုက်လျှောက်ခြင်းခြင်းဖြစ်သည်။

ဒေါတာဂျန်ဒရိန်းက ဓမ္မသစ်မိတ်ဆက်စာကို အစောဆုံးနေ့များတွင် သူတို့၏ဝတ်ပြုကိုးကွယ်မှုဟာ အလိုအလျှောက်ပါပဲ။ ဒါဟာသူတို့၏စိတ်အာရုံရတာကို စောင့်စည်းခြင်းဟူ၍ ရှင်ပေါလု လက်ရေးစာမူ၌အသင်းတော်၏ အစည်းအဝေးကို ဘယ်ကဲ့လုပ်ဆောင်မှာကို သူကဝိညာဉ်တော်ဦး ဆောင်မှုဖြင့်လူအများပါဝင်ခြင်းဟူသရုပ်ဖော်ရေးသားခဲ့သည်။ (အားလုံးမဟုတ်ရင်) အလားတူဝတ်ပြုကိုးကွယ်ရာတွင် တစ်ဦးတစ်ကောက်မှ လွတ်လပ်စွာပါဝင်ခွင့်ရှိသည့်အချက်ပင်ဖြစ်သည်။ စိတ်ထဲရှိရင်းစွဲအရာမှာ လူတိုင်းသန့်ရှင်းသောဝိညာဉ်တော် မှုတ်သွင်းခြင်းခံရတဲ့အခါ ဤအရာသည်သာပြည့်ဝစွာ ဖော်ပြတဲ့ခရစ်ယာန်တို့၏ လွတ်မြောက်မှုပါပဲ(စာ–၄၂)။

အေ–အမ်ရဲင်ဝိခ် ရေးသားတဲ့ အသင်းတော်သမိုင်း၌ “အသင်းတော်အဖွဲ့အစည်း၊ ခရစ်ယာန်အသက်တာနှင့်ဝတ်ပြုကိုးကွယ်ခြင်းသည် တကယ်မရှိ၍ မဖြစ်ပါပဲ။ လွယ်ကူတဲ့အရာကတော့ “သန့်ရှင်းသောဝိညာဉ်တော်လမ်းပြမှုအောက်မှာ သူတို့အလိုအလျောက် လွတ်လပ်စွာကိုးကွယ်ခဲ့ကြသည်။ ကိုးကွယ်ဝတ်လက်ဆွဲအရ အဆင်မပြေမှုတွင်မရှိတော့ပါ ” (စာ–၂၂–၂၃)

**“လက်တွေ့ကျသည့်စာနာထောက်ထားမှု ”** (Practical Considerations)

ယနေ့ထိလက်တွေ့လုပ်ဆောင်နေတဲ့ ဓမ္မာသစ်အစည်းအဝေးများ၏ ရှုထောင့်မှ တစ်ခုသောအရာသည် သီချင်းသီဆိုခြင်းဖြစ်သည်။ ဧဖက်အသင်းတော်၏ပြဌာန်းချက်သည် ဝိညာဉ်သီချင်းများ၊ ဂုဏ်တော်ချီးမွမ်းသီချင်းများနှင့် ဆာလံသီချင်းအားဖြင့် တစ်ဦးကိုတစ်ဦးပြောဆိုရန်ဖြစ်သည်။ “သခင်ဘုရားထံတော်ပါးသို့ နှလုံးသားမှာတေးသီချင်းသီဆို ချီးမွမ်းလျက် ချဉ်းကပ်ကြပါစို့။ “ဧဖက် ၅း၁၉) အလားတူ (ကောလောသဲ၊ ၃း၁၆) တွင်တိုက်တွန်းနိုးဆော်တဲ့အချက်မှာ “ခရစ်တော်၏ နှုတ်ကပတ်တရားသည် ပညာအမျိုးမျိုးနှင့် သင်တို့အထဲ၌ကြွယ်ဝစွာတည်နေ၍ သင်တို့သည် ဆာလံသီချင်းမှစသော ဓမ္မသီချင်းအမျိုးမျိုးအားဖြင့်၊ အချင်းချင်းတို့ကိုဆုံးမသွန်သင်ခြင်း၊ သတိပေးခြင်းကိုပြု၍၊ နူးညွတ်သောစိတ်နှလုံးနှင့် ဘုရားရှေ့တော်၌တင့်တယ်လျှောက်ပတ်စွာသီချင်းဆိုကြလော့။ ခေတ်မှီတဲ့ယုံကြည်သူများအနေနဲ့ နီးစပ်မှုမရှိဘဲဖြစ်နိုင်သည်။ ဘယ်လိုပဲဖြစ်ဖြစ် တစ်ယောက်ကိုတစ်ယောက်ပြုရမည်။ (ဧဖက်၊ ၅း၁၉၊ ကောလောသဲ ၃း၁၆) သီချင်းသီဆိုသည့်အရာကို အလေးထားတယ်။ (၁ကော ၁၄း၂၆)အရ ညီအစ်ကိုအယောက်တိုင်း ချီးမွမ်းသီချင်းယူဆောင်လာရန် အထူးအခွင့်အရေးရှိကြသည်။ ဤအချက်ကို ဓမ္မာသစ်ဘယ်ကျမ်းချက်မဆို ဂီတအမှုတော်ဆောင် တစ်ဦးဒါမှမဟုတ် ကိုးကွယ်မှုဦးဆောင်သူ၏ ထိန်းချုပ်မှုအောက်မှာ သီချင်းသီဆိုရမည်ဟု ဘယ်နေရာမှ ဖော်ပြမထားပါ။ တေးဂီတအမှုသည် ဆုကျေးဇူးတစ်ခုဖြစ်ပြီး အသင်းတော်ဝတ်ပြုကိုးကွယ်မှုနှင့် သီဆိုခြင်းများတွင်ပါဝင်နိုင်သည်။ သို့ဖြစ်၍ ဓမ္မာသစ်၏ ကြိုတင်ဖော်ပြချက် ပြည့်စုံခြင်းဖြစ်ပြီး တေးဂီတသမားများအနေနဲ့ အထူးသတိပြုသင့်သလို စတိတ်ရှိုးပုံစံ

ဖြစ်အောင် မလုပ်သင့်ပါ။ ဤအချိန်မျိုးတွင် အသင်းတော်ညီအစ်ကိုများကို လွတ်လပ်မှုနှင့်တာဝန်များပေးထားတဲ့အတွက် အဘယ်သီချင်းသီဆိုသင့်ကြောင်း တောင်းဆိုနိုင်သည်။ အသင်းတော်အစည်းအဝေး၌ အသုံးပြုသည့် တေးဂီတ၊ တူရိယာများအသုံးပြုခြင်းကို ဆန့်ကျင်သည့်စိတ်နှလုံးမာကျောသော ခရစ်ယာန်အချို့ရှိပါသည်။ သို့သော်ငြားလည်း (၁ကော ၁၄း၂၆) တွင် “hymn” ဂရိလို “psalmas” ဟု ပြန်ဆိုထားသည်။ နဂိုမူလဆိုလိုရင်းကတော့ “သီချင်းနှင့်တွဲဖက်သည့်ကြိုးတူရိယာ” ဖြစ်သည်။ တူရိယာများကို ယခင်ကတည်းက မတားမြစ်ထားပါ။ ဒီအရောင်းကို သတ်မှတ်တဲ့ပုံစံ မသိခဲ့တော့ အသုံးမပြုခဲ့ကြဘူး။ အသင်းတော်တစ်ခုစီတိုင်မှာ လွတ်လပ်ခြင်း၊ မိမိကိုယ်တိုင်လက်တွေ့ဆောင်ရွက်ရန် ဆုံးဖြတ်ချက်များနှင့် ငြင်းခုံမှုများရှိခဲ့သည်။ ကနဦးအသင်းတော်အစည်းအဝေး၏ ထူးခြားအင်လက္ခဏာတစ်ခုကတော့ ယနေ့ထိတိုင်လက်တွေ့ ကျင့်သုံးနေတဲ့ နှုတ်ကပတ်တော်သင်ကြားခြင်းဖြစ်သည်။ ကျွန်ုပ်တို့၏ သခင်ဘုရားက တမန်တော်တို့ကို စေခိုင်းတဲ့အတိုင်း လူမျိုးတကာသို့ ငါ့ရဲ့ပညတ်တော်ကို စောင့်ထိန်းဖို့ဆုံးမသြဝါဒပေးကြလော့ဟူ၍ (မဿဲ၊ ၂၈း၂) ယင်းအချက်ကို (တမန် ၂း၄၂)မှာ တပည့်တော်တို့အားမှာကြားသည့်အတိုင်း ယေရုရှလင် အသင်းတော်မှာလည်း အလေးအမြတ်ထားစောင့်ထိန်းလိုက်နာလျက်ရှိသည်။ အခြားသွန်သင်ချက်ကတော့ (၁ကော၊၁၂း၂၈ နှင့် ရောမ၊ ၁၂း၇) အရ ဝိညာဉ်ဆုကျေးဇူးနှင့်ဆိုင် သောအရာပါပဲ။ ထို့ပြင် အသင်းတော်လူကြီးများမှ သွန်သင်နိုင်ဖို့တစ်ခုသာ လိုအပ်ချက်ကတော့ (၁တိ၊၃း၂)မှာ ပါတဲ့အချက်ပါပဲ။ အသင်းတော်လူကြီးများအနေဖြင့် ဖွဲလုံ့လစိုက် ကြိုးစား၍ သွန်သင်ပေးပါက အလျှု၏ နှစ်ဆကိုခံထိုက်ကြောင်း (၁တိ၊၅း၁၇–၁၈)တွင် ဖော်ပြထားပါသည်။

(၁ကော၊၁၄)အရ သွန်သင်ခြင်းအမှုကို ရှေးခေတ်မြင်းစီးသူရဲကောင်းတို့၏ အပြုအမူကဲ့သို့ပင်လေထဲသို့ မြောက်လျက် ကစားပုံနှင့်နှိုင်းထားပါသည်။ ယနေ့ခေတ်အသင်းတော်အစည်းအဝေး၌ တွေ့နိုင်တဲ့ပုံစံတစ်ခုကတော့ သွန်သင်မှုပြုခြင်းကို သိသာထင်ရှားအောင် မပေးခြင်းဖြစ်သည်။ နှုတ်ကပတ်တော်၏ သွန်သင်မှုအတိုင်း ညီအစ်ကိုများ အားလုံး ပါဝင်နိုင်တဲ့အခွင့်ထူး တစ်ခုပေးထားတာကတော့ အကူအညီ၊ အလှူဒါန်းနှင့်ပြုနိုင်တဲ့ အခွင့်အရေးဖြစ်သည်။ (၁ကော၊၁၄း၂၆) ကျွန်ုပ်တို့အားလုံး၏ လိုအပ်ချက်ဖြစ်တဲ့ သွန်သင်ခြင်းအမှုတော်ဆောင်လုပ်ငန်းကို တန်ဘိုးထားလျှက် ဒီအတွက်အရေး ထားခေါ်ဘိတ်နေတယ်။ (၁ကော၊၁၄)မှာပါတဲ့ လူစုလူဝေးမှာ ညီအစ်ကိုတစ်ဦးတစ်ယောက်မှ ပုံမှန်သင်ကြားပေးနိုင်အောင် အခွင့်ထူးပေးသင့်သည်။

(၁ကော၊၁၄)ပုံစံအတိုင်း အစည်းအဝေးတို့၌ နှုတ်ကပတ်တော်သင်ကြားပေးရန် အချိန်အကြာကြီးထက် ခပ်တိုတိုနဲ့ သွန်သင်နိုင်သူကို အခွင့်ပေးရမည်။ (၁ကော၊၁၄)ထဲမှာပါတဲ့ အံ့သြစရာအချက်အချို့ကသင်းအုပ်၊ အသင်းတော်လူကြီးများ လက်လှမ်းမမှီနိုင်တဲ့ အရာတွေရှိပါတယ်။ အဲဒီအားနည်းချက်ကတော့ ဤနည်းလမ်းအတိုင်း သင်ကြားရန် မလွမ်းမိုး၊ မစိုးမိုးနိုင်သေး၍ဖြစ်သည်။ အသင်းတော်လူကြီးက အစည်းအဝေးမှာ သင်မပေးဘူးလို့ မပြောရဘူး။ (၁ကော၊၁၄) မှာရှင်းလင်း တဲ့အချက်က အသင်းတော်လူကြီးမှတစ်ပါး အခြားသူကပါ သွန်သင်ခွင့်ရှိတဲ့ အချက်ပါပဲ။ ဒါကြောင့် ဟေဗြဲ၊၅း၁၂ မှာ ကလောင်ရှင်မှဖော်ပြချက်က “ဒီအချိန်မှာသင်တို့သင်ဆရာဖြစ်သင့်ပြီ” ဟုရေးထားပါသည်။ ဒီစာကို အသင်းတော်လူကြီးတစ်စုတည်းကိုသာ အသိပေးရေးထားတာမဟုတ်ဘဲ (ခေါင်းဆောင်အားလုံးကို နှုတ်ခွန်းဆက်သပြီး၊ ၁၃း၂၄) ငါခေါင်းဆောင်ပဲဆိုတဲ့ အမှတ်အသားစိတ်ထဲမထားတာကို စာရေးသူက လေးစားဂုဏ်ပြုခြင်းဖြစ်သည်။ တစ်စုံတစ်ယောက်ဟာ သွန်သင်ခွင့်ရှိခြင်းသည် အခွင့်ထူးတစ်ခုဖြစ်နေတယ်။ မလိုအပ်တဲ့အမှု မပြုဖို့ပါ သွန်သင်သင့်တယ်။ အသင်းတော်လူကြီးအနေနဲ့ ရှင်ယာကုပ်သြဝါဒစာပါ သတိပေးချက်ကို အသင်းတော်သို့ ပြန်အသိပေးနိုးဆော်သင့်သည်။ ဘာလဲဆိုရင် “ငါ့ညီအစ်ကိုတို့၊ ငါတို့သည် သာ၍ကျပ်တည်းသော စစ်ကြောစီရင်ခြင်းကို ခံရမည်ဟု သင်တို့သိ၍ အများသောဆရာ မဖြစ်ကြနဲ့။ ငါတို့ရှိသမျှသည် များသောအားဖြင့် မှားတတ်ကြ၏။ (ယာကုပ်၊၃း၁) ကနဦးအသင်းတော် အပြန်အလှန်အကျိုးပြုအစည်းအဝေး၏ စရိုက်လက္ခဏာနှင့် သတိထားရမည့်အချက်ကို ရှင်ယာကုပ်က မီးမောင်းထိုးပြခဲ့သည်။

ဤကဲ့သို့သွန်သင်ပိုင်ခွင့်ကို ညီအစ်ကိုတို့အားခွင့်ပြုသည်ဖြစ်ရာ တိကျစွာသင်ပေးရန် ဖြစ်သကဲ့သို့ အသင်းတော်လူကြီးအနေနဲ့လည်း ပိုမိုတိကျရန်လိုပါသည်။ အကယ်၍အသင်းတော် ညီအစ်ကို တစ်ဦးဦးက မှားယွင်းစွာ သွန်သင်မှု ပြုမိခဲ့ရင်အသင်းတော်လူကြီးမှ တဖန်တည်ကြည်စွာဖြင့် ပြန်လည်တည့်မတ်ပေးရပါမည်။ တမန်တော်အလုပ်အားဖြင့် တိမောတေမှ ဖေက်မြို့၌ ယာယီစခန်းချစဉ် “လူအချို့တို့ကို မှားယွင်းသော ခံယူချက်ကို သွန်သင်မှု မပြုကြရန်တားမြစ်ခဲ့သည်။” (၁တိ၊၁း၃) ကျမ်းစားအရ သွန်သင်မှုစွမ်းရည်ပြည့်ဝသူတစ်ဦးမှ မိမိ၏ယုံကြည်ခံယူချက်အတိုင်း ဝေငှသည့်အခါ တယူသန်ဝါဒစွဲသမားများ၏ ဆန့်ကျင်ချေပချက်ဟာ ဒါပဲဆိုပြီး အခြားသူများကို ခွန်အားပေးနိုင်ရမည်။ (၁တိ၊၁း၉) အားတူပဲတိတုက “ဤတရားစကားကို ဟောပြောခြင်း၊တိုက်သွန်းသွေးဆောင်ခြင်း၊ ဆုံးမပြစ်တင်ခြင်းတို့ကို ခပ်သိမ်းသောအာဏာနှင့်တကွ ပြုလော့။ အဘယ်သူမျှ သင့်ကိုမထီမဲ့မြင်မပြုစေနဲ့။” (တိတု၊၂း၁၅) တမန်တော်ခေတ်က ထင်ရှားတဲ့ မုသာပြောသူတစ်ဦးကြောင့် ရှင်ယောဟန်၏ သတိပေးချက်ကတော့ “ဤသူကို သင့်အိမ်ထဲမဝင်စေနဲ့ဟော့” ဟု (၂ယော၊၁း၁၀)တွင်ဆိုထားပါတယ်။

(ဒီအိမ်ဆိုတဲ့ အရာဟာ ယနေ့အိမ်အသင်းတော်ကို ဆိုလိုတာပဲဟူ၍ ရှင်ယောဟန်၏ ရည်ရွယ်ချက်ကို လွယ်ကူစွာ သိမြင်နိုင်ပါသည်။

များသောအားဖြင့်အချို့အသင်းတော်ညီအစ်ကိုများဟာ အခြားသောသူများကို သင်ကြားပေးရန် ပိုမိုအရည်အချင်းရှိကြတယ်။ ခေတ်တခေတ်ကဘုရားသခင်၏ လူတို့ဟာဘုရားရှင်ကိုချစ်ပြီးဆု ကျေးဇူးအားဖြင့်သွန်သင်ပြုတတ်ကြသည်။ ၎င်းတို့သည်သမ္မာကျမ်းစာကိုဖတ်ရှုပြီးထိုအတိုင်းလူထုကို တသက်လုံးဦးဆောင်တတ်ကြသည်။ သူတို့မှာ နတ်ရှိုင်းစွာအတွင်းကျကျသိမြင်ခြင်းအားဖြင့်ဘုရား ကျောင်း၌ဝေငှတတ်ကြသည်။ အထူးသဖြင့် မိမိဘဝတူလူများရှေ့မှာ “နားကြားခြင်း၌လျှင်မြန်ပြီးစကား ပြောခြင်း၌နှေးစေသင့်သည် (ယာကုပ်၊၁း၁၉)။ အချို့သောသူများကိုနှုတ်ကပတ်တော်ရှင်းလင်းဝေငှခွင့်ကိုအထူးအချိန်ပေးခွင့်ပြုသင့်တယ်။ သို့သော်လည်းဆရာကြီးဝတ်ချ်မန်းနီးက အချို့သောအစည်း အဝေးများဟာအမှုတော်ဆောင်များနှင့်တမန်တော်များနှင့်သာသက်ဆိုင်(၁ကော၊၁၄) အတိုင်းမဖြစ်နိုင်ကြောင်းဆိုခဲ့သည်။ ဤအရာမှာအချိန်နှင့်နေရာနှစ်ခုစလုံးနှင့်ဆိုင်သည်။

ခရစ္စမတ်တစ်နှင့်ပင်တေကုတ္တေအသင်းတော်များဟာ ဗျာဒိတ်တော်အရာ၊ အခြားသောဘာသာ စကားအရာနှင့်အနက်အဓိပ္ပါယ်ဖွင့်ဆိုခြင်းတို့၌ ခံယူချက်တူညီနေကြသည်။ အသင်းတော်များအနေဖြင့် အချို့သောဆကျေးဇူးကျင့်သုံးမှုအပိုင်းမှာ(၁ကော၊၁၄း၂၆–၃၂)အပေါ် ခံယူလိုက်လျှောက်မှုတူညီတတ်ကြတယ်။ အခြားသောဘာသာစကား အနတ်အဓိပ္ပါယ်မပြန်နိုင်တဲ့အချက်ကိုတော့သဘောမတူတတ်ကြဘူး။ အခြားသောဘာသာစကားပြောရမည့်ဦးရေကန့်သတ်ချက်ရှိတယ်။ တချိန်မှာပုဂ္ဂိုလ်တဦးကပဲ ပြောဆိုသင့်တယ်။ ပရောဖတ်ပြုချက်များကိုစစ်ဆေးရမယ်။ တဦးတယောက်ဟာပရောဖတ်ပြုလိုသည့်ဆန္ဒပြင်းပြနေလျှင်သူရဲ့စကားလုံးများကို ကြိုတင်၍အသေအချာချင့်ချိန်ဖို့လိုအပ်မှုကို သတိရှိနေရမည်။ သံသယကင်းစွာ ပရောဖတ်ပြုစေခြင်းနှင့်အခြားသော ဘာသာစကားပြောဆိုခြင်း၌အတုအယောင်ရှိတတ်သည်။ အချို့သောဆုကျေးဇူးရရှိထားသူများသည် တခါတရံစိတ်ကူးယဥ်တတ်သည့်အတွက် လူထုကိုအလွန်အကျွံစိတ်ခံစားစေခြင်းဖြင့် ပျော့ညံ့စေပြီး၊ ကောင်းရောင်ကောင်းဝယ်မှုဇရိယာ အတွင်း၌ညစ်ပတ်စေခြင်း၊ အချည်းအနှီးဖြစ်ခြင်းနှင့်ပြည့်နက်လာစေသည်။ ဒါကြောင့်လည်းသက်သာ ကောနိတ်လူတွေကိုဒီပြောထားခဲ့တာနဲ့တူတယ်။ ပရောဖတ်ပြုခြင်းကိုမထီမဲ့မြင်မမှတ်ကြနှင့် ခပ်သိမ်းသောအရာတွေကိုစုံစမ်း၍ ကောင်းသောအရာကိုအမြဲကိုင်စွဲကြလော့။ မကောင်းသောအမှုအရာတွေကိုရှိသမျှတို့ကိုရှောင်ကြလော့(၁သက်၊၅း၂၀–၂၂)။ ဤသဘာဝလွန်ဖြစ်ပျက်ပြောဆိုမှုများအလယ်မှာ မိန့်မှာချက်ကတော့“ဘုရားသခင်သည်ရှန်းရင်းခတ်သောအမှုကိုပြုစုတော်မမူ။ သန့်ရှင်းသူတို့၏အသင်းတော်အပေါင်းတို့၌ဖြစ်သကဲ့သို့ အသင့်အတင့်ငြိမ်ဝပ်ခြင်းတို့ပြုစုတော်မူ၏” (၁ကော၊၁၄း၃၃)။ အသင်းတော်လူကြီးများအနေဖြင့်နည်းလမ်းများစွာအသုံးပြုလျှက် အရာရာတိုင်း၌ကူညီဖေးမရမယ်။ အစည်းအဝေးတက်တိုင်းသတိပြုရမည့်အချက်က “ခပ်သိမ်းသောသမှုကိုတင့်တယ် လျှောက်ပတ်စွာအစဥ်အတိုင်းစီရင်ကြလော့” (၁ကော၊၁၄း၄၀)။

အချို့သောအသင်းတော်များသည် ထူးခြားသောဝိညာဉ်ဆုကျေးဇူးများမှာ ပထမရာစု၌ကုန်ဆုံးပြီးဖြစ်တယ်။ ဘယ်သူမှ ယခုမရနိုင်တော့ဘူးဟုယူဆကြသည်။ အဓိကကျသည့်အသင်းတော်အစည်းအဝေးအစီအစဥ်ကတော့ ဆက်လက်ရှင်သန်ဆဲပါ။ ညီအစ်ကိုအသင်းတော်သားများအနေဖြင့် ယခုတိုင်အောင်မိမိစိတ်ဆန္ဒအတိုင်းလွတ်လပ်စွာ ပါဝင်နိုင်တဲ့အပိုင်းကတော့သွန်သင်ခြင်း မိတ်ဆက်သီချင်းတောင်းဆိုခြင်း၊ သက်သေခံဝေငှခြင်း၊ ဆုတောင်းခြင်း၊ မေးခွန်းပြောသူစသည်ဖြင့်ဖြစ်သည်။ ယနေ့တိုင်အသင်းတော်၌သီလော်ဂျီပိုင်းမှာသံသယရှိခဲ့ဒါကို ဆက်မတွေးပဲကျမ်းစာကိုသာ ဖတ်ရန်ရှင်းလင်းချက်ကတော့ အခြားသောဘာသာစကားပြေပဖို့မဆီးတားရဟု(၁ကော၊၁၄း၃၉)တွင်၎င်း၊ အခြားသောဘာသာစကားပြောခြင်းဟာအမှတ်တကယ်မရှိတော့ဘူးလို့ဆိုနိုင်တယ်။ ဒါပေမဲ့မသေချာဘူး ကျွန်ုပ်တို့၌မိမိ၏သီအိုလော်ဂျီခံယူချက်ဟာ တကယ်ပဲမှန်ကန်ပါတယ်ဆိုတဲ့အခါ သမ္မာကျမ်းစာပါမိန့်မှာချက်ကို ပြောင်ပြောင်တင်းတင်းဆန့်ကျင် ပြောဆိုမိပြီမဟုတ်ပါလား။

အစည်းအဝေးတက်ရောက်ခြင်းဆိုင်ရာသဘောထားအတွက် အခြားလက်တွေ့စဥ်းစားပေးရ မည့်အချက်က အခမ်းအနားမှုး(သို့)ခုံသမာဓိ(သဘာပတိ)၏ယူဆချက်ပင်ဖြစ်သည်။ ဤအချက်ကို (၁ကော၊၁၄)ဖော်ပြမထားခဲ့ပါ။ အပြန်အလှန်အကျိုးပြုအစည်းအဝေးကိုအတွေ့အကြုံရင့်ကျင်မှုရှိတဲ့ အသင်းတော်တပါးအဖြစ်ဖြင့်ရပ်တည်တဲ့အခါ အချို့အတွက်အစည်းအဝေး၌အလွန်အကျွံမဖြစ်ရန်ဆို တဲ့လိုအပ်တဲ့အပိုင်းဟာလျော့နည်းလာစေတာဖြစ်သည်။ စံတင်လောက်အောင် အသင်းတော်လုပ်ငန်းအတွက် မှန်ကန်စွာလုပ်ဆောင်နေပြီး ဧည့်သည်တဦးအနေဖြင့်ထိုခေါင်းဆောင်၌ပြဿနာတစုံတရာရှာ မတွေ့တဲ့အချိန်မှာပဲ မှန်ကန်ဖို့တည့်မတ်ရန် လိုအပ်နေပြီဖြစ်သည်။ စာရေးသူသည် စိတ်အားထက်သန် စွာဖြင့်ကွေးညွှတ်တဲ့နေရာကိုသေနတ်ဖြင့်ဖြတ်ပစ်ပြီး သတိတချက်ပေးလိုက်တာကတော့ (၁ကော၊၁၄း ၃၈)ပဲဖြစ်တယ်။ ထုတ်ဖော်ပြပြီးနောက်ကောင်းအောင်စီစဥ်ထားသည့်အရာမှာ အပြန်အလှန်အကျိုးပြုအစည်းအဝေးဖြစ်ပြီး သခင်ဘုရား၏မိန့်တော်မူချက်လည်းဖြစ်သည်(၁ကော၊၁၄း၃၇)သူသည် ဤသို့ သတိပေးစဥ်ကတဦးတယောက်ကမျှ ဂရုမစိုက်ပဲဘာရေးထားတယ်ဆိုတာမသိကျိုးကျွံပြုလိမ့်မည်။သို့သော်လည်း အချိန်ကာလကို အတိအကျမဆိုနိုင်ပါ။ အချို့သောပြစ်ဒဏ်ပုံစံဟာ ခြိမ်းခြောက်ခံ

နေရခြင်းပင်ဖြစ်သည်။ အသင်းတော်အစည်းအဝေးအတွက် သခင်ဘုရားမိန့်တော်မူသည်မှာ ဂရုမစိုက်တဲ့သူအဖို့ တန်ဖိုးပေးဆပ်ရလိမ့်မည်။

**လက်တွေ့ကျသောအကြံဉာဏ်အချို့** (Problems to Expect)

ဤစာအုပ်ရေးသောပုဂ္ဂိုလ်သည် နှစ်ပေါင်းများစွာအသင်းတော်အစည်းအဝေးတွင် အတူတကွ လက်တွေ့ပူးပေါင်းပါဝင်မှုအတွေ့အကြုံရှိခဲ့ပါသည်။ အဲဒီလိုလေ့လာသိရှိလာရတာက အချို့သောပြဿနာပုံစံတွေဟာ ကျွန်ုပ်တို့မျှော်လင့်ထားသလိုပါပဲ။ ကျွန်တော်တို့အောက်ပါအတိုင်း အသေးစိတ်ကြိုမျှော်လင့်တဲ့အတိုင်းထိုအရာကို ကနဦးမှ စမ်းသက်မှုပြုမှသာ အပြန်အလှန်အကျိုးပြုအစည်းအ ဝေးအနေဖြင့်အချို့သောအများနှင့်ဆိုင်တဲ့ထောင်ချောက်များမှ ရှောင်ရှားနိုင်မည်ဖြစ်သည်။

**ဘုရားကျောင်းခုံတန်းရှည်ပေါ်ရှိအာလူးများ** (Pew Potatoes)

